# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

August 8, 2024 Volume 81, Number 6


၈.၈.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၉၄ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၇.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၆.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၇.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၇.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၁၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၁၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၇၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၉.၈၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၃၆၄ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးမြစ်ချင်းငါး ပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ငါးမြစ်ချင်းငါးပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ငါးမြစ်ချင်းငါး ပိဿာချိန် ၅၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ ငါးမြစ်ချင်းငါး ပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ တင်ပို့ရောင်းချသည့် ငါးမြစ်ချင်းငါးများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားလျက်ရှိကြောင်းသိရသည်။

"ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ရေထွက်ကုန်ပစ္စည်းတွေ အဆက်မပြတ်တင်ပို့ရောင်းချနေပါတယ်။ ဇူလိုင်လအတွင်း ငါးမြစ်ချင်းငါး ပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့နယ်က ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းရှင်တွေက ငါးမြစ်ချင်းငါးတွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချတာပါ။ ရေထွက်ကုန်တွေကို ကုန်းလမ်းခရီးက အဆင်ပြေလို့ ကုန်တင်ကားတွေနဲ့ အများဆုံးတင်ပို့ရောင်းချနေပါတယ်"ဟု ပန်းတနော်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ဒေသထွက်ရေထွက်ကုန်ပစ္စည်းများကိုဝယ်ယူပြီး စနစ်တကျ စစ်ဆေးသန့်စင် ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ ကုန်တင်ယာဉ်များ အသုံးပြုပြီး အများဆုံးတင်ပို့ရောင်းချ


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

လျက်ရှိကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငါးမြစ်ချင်းငါး ပိဿာချိန် ၁၀ လျှင် ငွေကျပ် ၉၅,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source: ရတနာပုံနေ့စဉ်သတင်းစာ**

## ရန်ကုန်မြို့နယ်ရှိ ရွှေပိတောက်ငါးဈေးသို့ တစ်ရက်လျှင် ရေထွက်ကုန်ပိဿာချိန် သုံးသိန်းကျော်ဝင်ရောက်ကာ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ ရွှေပိတောက် ငါးဈေးသို့ မြန်မာ့ပင်လယ်ပြင်မှ ဖမ်းယူရရှိသော ရေငန်ငါး အမျိုးအစားပေါင်း ၁၀၀ ခန့် ဝင်ရောက်လျက်ရှိသကဲ့သို့ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး တို့ရှိမွေးမြူရေးကန်များမှ ထွက်ရှိသော ရေချိုငါးအမျိုးအစားပေါင်း ၃၀ ကျော်လည်း နေ့စဉ်ပုံမှန်ဝင်ရောက်ပြီး တစ်ရက်လျှင် ရေထွက်ကုန်ပိဿာချိန် သုံးသိန်းကျော်ဝင်ရောက်ကာ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ရွှေပိတောက်ငါးဈေးမှ ဈေးတာဝန်ခံ ဦးသန်းနိုင်၏ ပြောကြားချက်အရသိရသည်။

"ပြီးခဲ့တဲ့ ဇူလိုင်လဆန်းပိုင်းကစပြီး ရွှေပိတောက်ငါးဈေးကို ပင်လယ်ပြင်ကထွက်ရှိတဲ့ ငါးပုဏ္ဏား၊ ပြည်ကြီးငါး၊ ကင်းမွန်၊ ပုစွန်၊ ရွှေငါး၊ ငါးမျက်ဆန်ကျယ်စတဲ့ ငါးတွေအပါအဝင် ရေငန်ငါးအမျိုးအစား တော်တော်များများ ပြန်လည်ဝင်ရောက် လာပါတယ်။ ရေချိုငါးအနေနဲ့ကတော့ ရန်ကုန်၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးတို့က မွေးမြူရေးကန်တွေကနေ ထွက်ရှိတဲ့ ငါးမြစ်ချင်း၊ ငါးတန်၊ ငါးခူ၊ ငါးကျည်း၊ ငါးကြင်းအပါအဝင် မွေးမြူရေးငါးတွေ နေ့စဉ်ပုံမှန်ဝင်ရောက်နေပါတယ်"ဟု ဦးသန်းနိုင်က ပြောသည်။

ယခုအခါ ရွှေပိတောက်ငါးဈေးသို့ တစ်ရက်လျှင် ရေထွက်ကုန်ပိဿာချိန် သုံးသိန်းကျော်ဝင်ရောက်လျက်ရှိပြီး ရန်ကုန် တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူများအတွက် လုံလောက်မှုရှိသည့်အပြင် ရန်ကုန်တိုင်းဒေသကြီးနှင့် နီးစပ်ရာဒေသများသို့ လည်း တင်ပို့ရောင်းချလျက်ရှိသည်။ ရွှေပိတောက်ငါးဈေးတွင် ဈေးရုံပေါင်း ရှစ်ရုံရှိပြီး မှတ်ပုံတင်ထားသည့် ဆိုင်ခန်းပေါင်း ၄၅၀ နီးပါးနှင့် ပျံကျဈေးဆိုင်ခန်းပေါင်း ၁၉၀ ခန့် ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

အဆိုပါ ဈေးသန့်ရှင်းရေးအတွက် ရေစုကန်၊ ရေကားနှင့် အမှိုက်ကားတို့ စီစဉ်ထားပြီး သက်ဆိုင်ရာဝန်ထမ်းများက တစ်ရက်လျှင် နှစ်ကြိမ်ဈေးသန့်ရှင်းရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ဈေးလုံခြုံရေးအတွက်လည်း CCTV ကင်မရာ ၁၄၁ လုံး တပ်ဆင်ကာ တာဝန်ရှိသူများက စောင့်ကြည့်လျက်ရှိသည့်အပြင် လုံခြုံရေးဝန်ထမ်းများကိုလည်း နေ့၊ ညမပြတ် တာဝန်ချထားကြောင်းသိရသည်။

**Source: ရတနာပုံနေ့စဉ်သတင်းစာ**

## ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း သီဟိုဠ်စေ့ပိဿာချိန် ၇၅၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဒေသထွက်ကုန် သီဟိုဠ်စေ့ ပိဿာချိန် ၇၅၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဟင်္သာတမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြည်ဌေးက ပြောပြ၍သိရသည်။

ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ လယ်ယာထွက်ကုန်ပစ္စည်းများကို တင်ပို့ရောင်းချလျက်ရှိရာ ဇွန်လတွင် သီဟိုဠ်စေ့ ပိဿာချိန် ၄၅၀,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ သီဟိုဠ်စေ့ပိဿာချိန် ၇၅၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။

"ဟင်္သာတမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို သီဟိုဠ်စေ့တွေ တင်ပို့ရောင်းချအားကောင်းလာပါတယ်။ ရန်ကုန် ဈေးကွက်ကို တင်ပို့ရောင်းချခဲ့တဲ့ သီဟိုဠ်စေ့တွေက နွေကာလက လက်ကျန်သီဟိုဠ်စေ့တွေပါ၊ ဒေသထွက် သီဟိုဠ်စေ့တွေကို

ကုန်ချောအဖြစ် ပြုလုပ်ပြီး ဟသ်ာတမြို့နယ်ကနေတစ်ဆင့် ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကလဲ အဝယ်လိုက်နေပါတယ်”ဟု ဟသ်ာတမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြည်ဌေးက ပြောပြသည်။

ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက်ကုန်သီဟိုဠ်စေ့ တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀ ထိဈေးပေါက်နေကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် သီဟိုဠ်စေ့ကို မြောင်းမြခရိုင်၊ ဟသ်ာတခရိုင်၊ လပွတ္တာခရိုင်၊ ပုသိမ်ခရိုင်တို့တွင် အများဆုံးစိုက်ပျိုးကြကြောင်းသိရသည်။

**Source: ရတနာပုံနေ့စဉ်သတင်းစာ**

## ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ၂၄ ပြည်ဝင် ပဲစင်းငုံအိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ၂၄ ပြည်ဝင် ပဲစင်းငုံအိတ်ရေ ၆၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်းက ၂၄ ပြည်ဝင် ပဲစင်းငုံအိတ်ရေ ၅၀,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ ၂၄ ပြည်ဝင် ပဲစင်းငုံအိတ် ၆၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အဆိုပါ ပဲစင်းငုံ ဝယ်ယူမှုများပြားလာခြင်းကြောင့် ပြည်တွင်းပဲလုပ်ငန်းများ အဆင်ပြေစွာ လည်ပတ်လျက်ရှိကြောင်းသိရသည်။

“ရန်ကုန်မြို့ကနေမှတစ်ဆင့် အခြားဈေးကွက်ကို ပြန်လည်တင်ပို့ရောင်းချတာပါ။ ဇူလိုင်လထဲမှာ ၂၄ ပြည်ဝင် ပဲစင်းငုံအိတ်ရေ ၆၅,၀၀၀ ထိတင်ပို့ရောင်းချခဲ့ရပါတယ်။ ဈေးကွက်ထဲမှာ လက်ကျန် ပဲစင်းငုံတွေ အရောင်းအဝယ်ဖြစ်နေပါတယ်။ ပြည်ပဈေးကွက်ကို တင်ပို့နေရတာကြောင့် အရောင်းအဝယ်လဲကောင်းလာပါတယ်။ လက်ရှိတော့ ပဲစင်းငုံတွေက သိုလှောင်ထားသူတွေနဲ့ ကုန်သည်တွေဆီမှာပဲရှိပါတော့တယ်။ ညောင်တုန်းမြို့နယ်ဒေသထွက်ကုန်သီးနှံတွေကို ဒေသပွဲရုံတွေကနေ တစ်ဆင့် ရန်ကုန်ဈေးကွက်ကို အဓိကထားတင်ပို့ရောင်းချနေပါတယ်”ဟု ညောင်တုန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။

အဆိုပါ ဒေသထွက် ပဲစင်းငုံများကို ညောင်တုန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များက ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ၂၄ ပြည်ဝင် ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၁၁၀,၀၀၀ ထိ ပေါက်ဈေးရှိကြောင်းသိရသည်။

**Source: ရတနာပုံနေ့စဉ်သတင်းစာ**

## ယခင်နှစ်ထက်ဈေးကောင်းရနေသော ဧရာဒေသထွက်ကွမ်းသီးနု(အရည်သောက်) ဈေးကွက်



ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်အတွင်း အများဆုံးစိုက်ပျိုးလျက်ရှိသော ကွမ်းသီးအနု(အရည်သောက်) ဈေးနှုန်းမှာ ယခင်နှစ် တစ်ပိဿာလျှင် ကျပ် ၃၃၀၀ ဈေးနှုန်းသာရှိ၍ ယခုနှစ်တွင် တစ်ပိဿာလျှင် ကျပ် ၁၀,၆၀၀ ဈေးရရှိသဖြင့် ကွမ်းသီးစိုက်ပျိုးသောတောင်သူများ ဈေးကောင်းရလျက်ရှိကြောင်း ဈေးကွက်မှသိရသည်။ ကွမ်းသီးအနုထွက်ရှိချိန် မတ်လ၊ ဧပြီလတွင် ဈေးကွက်အတွင်းသို့ စတင်ဝင်ရောက်မှုရှိသော်လည်း ဇွန်လ၊ ဇူလိုင်လများတွင် အသီးလှိုင်လှိုင်ဝင်၍ ဩဂုတ်လရောက်လျှင် ကွမ်းသီးအနုမထွက်ရှိသောကြောင့် အရောင်းအဝယ်ရာသီပြီးဆုံးသွားကြောင်း၊ ကွမ်းသီးအနုထွက်ရှိချိန် တရုတ်ဝယ်လက်များက မြောင်းမြမြို့သို့လာရောက်၍ မြို့ပေါ်တွင် ကိုယ်စားလှယ်ထားရှိပြီး အဝယ်ဒိုင်ဖွင့်လှစ်ဝယ်ယူ၍ ကျေးရွာများရှိ လက်လီဒိုင်ခွဲ

များမှ လာရောက်ရောင်းချလျက်ရှိကြောင်းသိရသည်။

ကွမ်းသီးအနုဝယ်ယူရာတွင် ကွမ်းသီးအပိုင်းဝယ်ယူမှုမရှိဘဲ ဒေသအခေါ် ဥဘဲချွန်း၊ ကပ်ချွန်း၊ မျှောချွန်းပုံစံရှိပြီး အလေးချိန် ၁၉ ဂရမ်နှင့် ၃၇ ဂရမ်ကြားရှိသော ကွမ်းသီးအစိမ်းရောင်အနုကိုသာဝယ်ယူပြီး အဝါရောင်ရှိသော ကွမ်းသီးများကို ဝယ်ယူမှုမရှိကြောင်း ကွမ်းသီးအနုအရောင်းအဝယ်ဖြစ်သည့် ကာလများတွင် ကွမ်းပင်တက်သောဒေသခံများမှာ မြောင်းမြမြို့ပေါ်နှင့် ပုသိမ်၊ အခြားမြို့နယ်များသို့ ကွမ်းစိုက်ပျိုးသော တောင်သူများ၏ စိုက်ခင်းများသို့ ဈေးကွက်ဝင်သော ကွမ်းသီးအနုများကို လိုက်လံဝယ်ယူကာ လက်လီအဝယ်ဒိုင်ခွဲများသို့ လာရောက်ရောင်းချလျက် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး တစ်နေ့ဝင်ငွေကျပ်သောင်းဂဏန်းရနေကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ကွမ်းသီးစိုက်ဧက ၂၁,၈၆၂ ဧကရှိပြီး မြောင်းမြမြို့နယ်တွင် ၃၅၆၉ ဧကစိုက်ပျိုးလျက် တရုတ်ဈေးကွက်အတွက် မြောင်းမြကွမ်းသီးမှာ ဝယ်လိုအားရှိ၍ ကြိုက်နှစ်သက်မှုရှိသောကြောင့် မြောင်းမြမြို့မှာ ကွမ်းသီးအဓိကအရောင်းအဝယ်ဖြစ်နေသည့် ဈေးကွက်ဖြစ်ကြောင်း၊ မြောင်းမြဝန်းကျင်ကျေးရွာများတွင် လက်လီအဝယ်ဒိုင်ခွဲ ၃၀ ခန့်ရှိပြီး ပျဉ်းမချောင်းကျေးရွာအဝယ်ဒိုင်မှ ဝယ်ယူထားသောကွမ်းသီးအနုများကို တစ်အိတ်လျှင် ပိဿာ ၃၀ ထည့်သွင်းပြီး ဇူလိုင်လအတွင်း တစ်နေ့လျှင် အိတ်ရေ ၂၀/၃၀ နှင့်အထက် မြောင်းမြအဝယ်ဒိုင်သို့ တင်ပို့လျက်ရှိကြောင်း ဒိုင်မှဝယ်ယူထားသော ကွမ်းသီးများကို ပြည်ပသို့တင်ပို့မှုရှိကြောင်း သိရှိရသည်။

**Source:** https://www.doca.gov.mm

## မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ရွှေသွယ်ရင်စပါးတင်းရေ ၈၅,၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ရွှေသွယ်ရင်စပါးအမျိုးအစား တင်းရေ ၈၅,၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြ၍သိရသည်။ မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ရွှေသွယ်ရင်စပါးအမျိုးအစားတင်းရေ ၅၉,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ရွှေသွယ်ရင်စပါးအမျိုးအစားတင်းရေ ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါစပါးအမျိုးအစားသည် ဆန်ကြမ်းအုပ်စုတွင် ပါဝင်သည့်အမျိုးအစားဖြစ်ကြောင်း သိရသည်။

"ဇူလိုင်လအတွင်း ရွှေသွယ်ရင်စပါးတွေအများအပြား မအူပင်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ မအူပင်မြို့ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုအများအဆုံး တင်ပို့ရောင်းချနေပါတယ်။ ရွှေသွယ်ရင်စပါးအမျိုးအစားက ဆန်အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူမှုများနေလို့ တင်ပို့အားများခဲ့တာဖြစ်ပါတယ်။ ရွှေသွယ်ရင်စပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားစပါးတွေနဲ့ယှဉ်ရင် ဒီစပါးအမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်။ စပါးတွေကို ကုန်းလမ်း၊ ရေလမ်းအဆင်ပြေသလို တင်ပို့ရောင်းချနေပါတယ်"ဟု မအူပင်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ရွှေသွယ်ရင်စပါးအမျိုးအစား တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁,၉၈၀,၀၀၀ ထိ ဈေးပေါက်နေကြောင်း ဒေါ်ဆွေဆွေက ပြောပြသည်။

**Source: ရတနာပုံသတင်းစာ**

## ပို့ကုန်ရငွေပမာဏ၏ ၂၅ ရာခိုင်နှုန်းသာ မြန်မာကျပ်ငွေဖြင့်လဲလှယ်ရန် ဗဟိုဘဏ်ပြင်ဆင်သတ်မှတ်

ပြည်ပသို့ ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေမှ ယခင် ၃၅ ရာခိုင်နှုန်းအစား ၂၅ ရာခိုင်နှုန်းသို့သာ မြန်မာငွေလဲလှယ်ရန် ဗဟိုဘဏ်မှ ပြင်ဆင်သတ်မှတ်လိုက်သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ (၄၉)၊ပုဒ်မ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာအား ထုတ်ပြန်လိုက်သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပို့ကုန်တင်ပို့သူများ ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၃၅ ရာခိုင်နှုန်းကို

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အမိန့်ကြော်ငြာစာအမှတ်(၁၂/၂၀၂၂) ပါသတ်မှတ်ညွှန်ချက်အတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း(၆-၁၂-၂၀၂၃) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၂၃)ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့သည်။ ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၃၅ ရာခိုင်နှုန်းအစား ၂၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ်(၁၂/၂၀၂၂)ပါ သတ်မှတ်ညွှန်ကြားချက်အတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြင်ဆင်သတ်မှတ်ခဲ့သည်။ ဤအမိန့်ကြော်ငြာစာသည် ဩဂုတ်လ ၈ ရက်နေ့မှစ၍ အကျိုးသက်ရောက်မည်ဖြစ်သည်။

ပြင်ပငွေကြေးဈေးကွက်အတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်းသည် တစ်ဒေါ်လာ ၅၅၈၀ ကျပ်သို့ မြင့်တက်လာသည့်အတွက် လုပ်ငန်းရှင်များအဆင်မပြေကြောင်း၊ ယင်းကြောင့်လုပ်ငန်းရှင်များအဆင်ပြေစေရန် နှုန်းထားကိုလျှော့ချပေးခြင်းဖြစ်သည်ဟု ယူဆရကြောင်း ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ထားသည်။

**Source:** https://www.popularmyanmar.com/

## ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၇ ဘီလီယံဝင်ငွေရရှိ

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ၇ လအတွင်း ဆန်တန်ချိန် ၅ ဒသမ ၁၈ သန်း တင်ပို့ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၇ ဘီလီယံရရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ကိန်းဂဏန်းများအရ တစ်နှစ်ထက်တစ်နှစ် ပမာဏအားဖြင့် ၅ ဒသမ ၈ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ၂၅ ဒသမ ၁ ရာခိုင်နှုန်းတိုးလာကြောင်း သိရသည်။ ဇူလိုင်လ တစ်လတည်းတွင် ဗီယက်နမ်နိုင်ငံသည် အမေရိကန်ဒေါ်လာ သန်း ၂၉၀ တန်ဖိုးရှိသည့် ဆန်တန်ချိန် ၅၀၀,၀၀၀ နီးပါးတင်ပို့ခဲ့ကြောင်း ဖော်ပြထားသည်။

ဇန်နဝါရီလမှဇူလိုင်လအတွင်း ပျမ်းမျှပို့ကုန်တန်ဖိုးမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၃၂ ခန့်ရှိပြီး တစ်နှစ်ထက်တစ်နှစ် ၁၈ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ အဓိကတင်ပို့သည့် ဈေးကွက်များမှာ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် စင်ကာပူတို့ဖြစ်ပြီး ဖိလစ်ပိုင်သည် ဗီယက်နမ်၏ ဆန်အများဆုံး တင်သွင်းသည့်နိုင်ငံဖြစ်ကြောင်း ဖော်ပြထားသည်။

၇ လတာ ကာလအတွင်း ဗီယက်နမ်သည် ဖိလစ်ပိုင်နှင့်အင်ဒိုနီးရှားသို့ ဆန်တန်ချိန် ၁ ဒသမ ၉၈ သန်းနှင့် ဆန်တန်ချိန် ၈၃၀,၀၀၀ တင်ပို့ခဲ့ပြီး စုစုပေါင်းတင်ပို့မှု၏ ၃၈ ဒသမ ၂ ရာခိုင်နှုန်းနှင့် ၁၆ ရာခိုင်နှုန်း အသီးသီးရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် စင်ကာပူနိုင်ငံ ဈေးကွက်ဝေစု၏ ၃၂ ဒသမ ၆၉ ရာခိုင်နှုန်းကိုရရှိခဲ့ပြီး အကြီးမားဆုံး ဆန်ရောင်းချသူအဖြစ် ဆက်လက်ရပ်တည်ခဲ့သည်။ ၂၀၂၄ ခုနှစ် ပထမနှစ်ဝက်အတွင်း စင်ကာပူသို့ ဆန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၄ ဒသမ ၆ သန်းကျော်ရရှိခဲ့သည်။ ၂၀၂၃ ခုနှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၅၄ ဒသမ ၆၇ ရာခိုင်နှုန်းတိုးလာသောကြောင့် ဗီယက်နမ်မှစင်ကာပူသို့ ဆန်တင်ပို့မှုသည် တစ်နှစ်ထက်တစ်နှစ် သိသိသာသာတိုးလာကြောင်း သိရသည်။

**Source: Vietnam economic times**

**(စီးပွားရေးသံမှူး၊ ဗီယက်နမ်)**

https://myantrade.gov.mm/

## တရုတ်နိုင်ငံသည် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်များကို တိုးမြှင့်ရန်ရည်မှန်းထား

တရုတ်နိုင်ငံသည် CPTPP သို့ ဝင်ရောက်ခွင့်ရရှိရေးအတွက် နိုင်ငံအများအပြားနှင့် ဈေးစပ်ညှိနှိုင်းမှုများကို အရှိန်မြှင့်တင်လုပ်ဆောင်ခြင်းဖြင့် ၎င်း၏ စံနှုန်းမြင့်လွတ်လပ်သော ကုန်သွယ်ရေးဇုန်ကွန်ရက်ကို တိုးချဲ့သွားရန်အသင့်ရှိသည်ဟု ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် CPTPP သို့ ဝင်ရောက်နိုင်ရေးလုပ်ငန်းစဉ်ကို အရှိန်မြှင့်အကောင်အထည်ဖော်ရန် CPTPP အဖွဲ့ဝင်အားလုံးနှင့် ယခင်ကဆွေးနွေးချက်များအပေါ်အခြေခံပြီး နှစ်နိုင်ငံညှိနှိုင်းမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးဌာန၏ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ လက်ထောက်ကိုယ်စားလှယ် Li Yongjie က နိုင်ငံတော်ကောင်စီ၏

ပြန်ကြားရေးရုံးတွင်ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်-အာဆီယံ လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် Version 3.0 ကို အမြန်ဆုံးအပြီးသတ်ရန်နှင့် ဟွန်ဒူးရပ်စ်၊ အယ်လ်ဆာဗေးဒေါ်နှင့် နယူးဇီလန်စသည့်နိုင်ငံများနှင့် FTAs များ စေ့စပ်ညှိနှိုင်းခြင်း (သို့မဟုတ်) အဆင့်မြှင့်တင်ခြင်းများကိုလည်းဆောင်ရွက်ရန် တရုတ်နိုင်ငံက ကတိပြုထားကြောင်း Li က ပြောကြားခဲ့သည်ဟု သိရသည်။

ထို့ပြင် တရုတ်-ဂျပန်-ကိုရီးယား FTA ကို အဆင့်မြှင့်တင်ခြင်းအပြင် Eurasian Economic Union၊ နော်ဝေ၊ ဆွစ်ဇာလန်နှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် လွတ်လပ်သောကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများကို တရုတ်နိုင်ငံက အရှိန်အဟုန်မြှင့် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်ဟု သိရသည်။

ထိုသို့လုပ်ဆောင်ရခြင်းမှာ ၎င်းတို့အနေဖြင့် FTA များ ဆောင်ရွက်လိုသည့်နိုင်ငံများ၊ ဒေသများနှင့် စာချုပ်များ အပြီးသတ်ချုပ်ဆိုရန်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် FTA မိတ်ဖက်များနှင့် ကုန်သွယ်မှုပမာဏကို တရုတ်နိုင်ငံ၏ စုစုပေါင်းနိုင်ငံခြားကုန်သွယ်မှု၏ ၄၀ ရာခိုင်နှုန်းအထိ တိုးမြှင့်သွားရန်ရည်ရွယ်ထားကြောင်း Li က ပြောကြားခဲ့သည်ဟု သိရသည်။

Source: https://www.chinadaily.com.cn/a/202408/02/WS66ac79a3a3104e74fddb833b.html

(စီးပွားရေးသံမှူး၊ နန်နင်းမြို့)

https://myantrade.gov.mm/

## STOCK EXCHANGE (8.8.2024)



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 7th Aug. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,829 (Shares) | 28,486,100 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +100 | +1.12% | 8,900 | 9,000 | 8,900 | 243 | 2,172,700 | 33,109,694 | 297,987 |
| MTSH | 00002 | 3,550 | +0 | +0.00% | 3,550 | 3,550 | 3,500 | 3,174 | 11,262,700 | 38,929,150 | 138,199 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 0 | 0 | 10,400,986 | 86,328 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,750 | 1,800 | 1,750 | 6,153 | 11,052,850 | 29,664,613 | 53,396 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,850 | 2,850 | 2,750 | 279 | 776,250 | 12,823,224 | 35,264 |
| EFR | 00006 | 1,800 | +50 | +2.86% | 1,750 | 1,800 | 1,700 | 227 | 397,700 | 19,977,223 | 35,959 |
| AMATA | 00007 | 4,600 | +0 | +0.00% | 4,600 | 4,600 | 4,600 | 217 | 998,200 | 10,497,598 | 48,289 |
| MAEX | 00008 | 3,400 | +0 | +0.00% | 3,450 | 3,450 | 3,400 | 536 | 1,825,700 | 23,804,946 | 80,937 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Search...

Home > Main Board > Market Data > Market summary

## Market summary

As of 7th Aug. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 411.60 | +2.28 | +0.56% | 408.53 | 412.38 | 408.13 | 10,829 | 28,486,100 | 8 | 776,359 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 11:00 am, 8th Aug. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,393 (Shares) | 5,660,800 (MMK) |

| MYANPIX | 406.97 ▼ 4.63 |
|---|---|
| Total Volume (shares) | 1,393 |
| Total Value (MMK) | 6 mil |
| Listed Company | 8 |
| Market Cap. (MMK) | 767,620 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▼ 100 |
| MTSH | 00002 | 3,500 | ▼ 50 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 1,750 | ▼ 50 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 1,700 | ▼ 100 |
| AMATA | 00007 | 4,600 | ▲ 0 |
| MAEX | 00008 | 3,400 | ▲ 0 |